# ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများ

ဆန်းလွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများကို လေ့လာတင်ပြထားပါသည်။ ထန်းပင်အကြောင်း၊ ထန်းလုပ်ငန်း စတင်ဝင်ရောက်ပုံနှင့် အသုံးအဆောင်ပစ္စည်းများ၊ ထန်းဖိုနှင့်ညှပ်ပြင်ဆင်လုပ်ကိုင်ပုံ၊ ယောင်နှင့်ထန်းမ ပြင်ဆင်လုပ်ကိုင်ပုံစသော ထန်းလုပ်ဆိုင်ရာ ဥပစာစကားများကို လူတွေ့မေးမြန်းခြင်း၊ ထန်းနှင့်သက်ဆိုင်သော စာပေများမှ အထောက်အထားများ ကိုးကားခြင်း၊ အဘိဓာန်အမျိုးမျိုးတို့နှင့် တိုက်ဆိုင်စစ်ဆေးခြင်း စသည်ဖြင့် အသေးစိတ် ပြုစုထားခြင်းဖြစ်သည်။ ထို့ကြောင့် ဤစာတမ်းသည် မြန်မာ့ထန်းလုပ်ငန်းဆိုင်ရာ ဥပစာစကားများကို လေ့လာသူတို့အတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

***သော့ချက်ဝေါဟာရများ*** – *ဥပစာ၊ တင်စားမှု၊ ထန်းဖို၊ ထန်းမ၊ ယောင်၊ အတည်၊ ဓီးကွက်မျက်လုံးပေါက်*

## နိဒါန်း

မြန်မာ့ထန်းလုပ်ငန်းသည် ပုဂံခေတ်မတိုင်မီကပင် ရှေးမြန်မာကြီးများက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည်။ ရှေးအခါက "သားတစ်ယောက်၊ ထန်းတစ်ဆယ်"ဟုပင် တင်စားရလောက်အောင် ထန်း ၁၀ ပင်ရှိလျှင် မိသားစု စားဝတ်နေရေးအတွက် ဖူလုံသည်ဟု ဆိုကြသည်။ ထန်းလုပ်ငန်းသည် မိသားစုဝိုင်းဝန်းလုပ်ကိုင်ရသော စုပေါင်းလုပ်ငန်းတစ်ခုဖြစ်သည်။ ရှေးအခါက ထန်းလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါတွင် ထန်းလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာခဲ့သည်။ နောင်တစ်ချိန်တွင် ထန်းလုပ်ငန်းနှင့်အတူ ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများ မေးမှိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိပါသည်။ ထို့ကြောင့် ဤစာတမ်းကို ပြုစုမှတ်တမ်းတင်ရခြင်းဖြစ်သည်။

## ၁။ သုတေသနအင်္ဂါရပ်များ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနအင်္ဂါရပ်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိစေရန်အတွက် သုတေသနဆိုင်ရာအချက်အလက်များနှင့်အညီ ပြုစုထားသည်။ "(က) စာပေလေ့လာဆန်းစစ်မှု၊ (ခ) စစ်တမ်းကောက်ယူခြင်း၊ (ဂ) သုတေသနမေးခွန်းနှင့် ပြဿနာ"

### စာပေလေ့လာဆန်းစစ်မှု

မြန်မာထန်းလုပ်ငန်းနှင့် ပတ်သက်ပြီး ရေးသားထားကြသော စာအုပ်စာတမ်း အထောက်အထားများကို ရှာဖွေလေ့လာကြည့်ရာတွင်

- နွေးထွေး၊ (ပုသိမ်ကြီး)။ (၂၀၁၈)။ ဘဝထိုထို ထန်းရိပ်ညို၊ ပထမ အကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။
- မောင်လင်းသူ (ညောင်ဦး)။ (၁၉၈၉)။ ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ။ ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

ဟူ၍ အထောက်အထားအနည်းငယ်သာ တွေ့ရသည်။ သုတေသနစာတမ်းဟူ၍ တစ်စောင်မျှမတွေ့ရပေ။ ထို့ကြောင့် ဤစာတမ်းသည် အသစ်တွေ့ရှိမှုဖြစ်သည်။

## သုတေသနမေးခွန်းနှင့် ပြဿနာ

- ထန်းဆိုသည်မှာ အဘယ်နည်း။
- ထန်းလုပ်ငန်းဟူသည် အဘယ်နည်း။
- ထန်းလုပ်ငန်းသည် မြန်မာ့စီးပွားရေးအတွက် မည်သို့ အကျိုးပြုသနည်း။
- ရှေးအခါက ထန်းလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါတွင် ထန်းလုပ်ငန်းလုပ်ကိုင်သူနည်းပါးကြောင်း၊ နောင်တစ်ချိန်တွင် ထန်းလုပ်ငန်းနှင့်အတူ ထန်းလုပ်ငန်းဆိုင်ရာဝေါဟာရများမေးမိန် ပျောက်ကွယ်သွားနိုင်သည်ကို အဓိကပြဿနာအဖြစ် သတ်မှတ်ပါသည်။

## စစ်တမ်းကောက်ယူခြင်း

စာတမ်းရှင်၏မိဘများသည် ထန်းလုပ်ငန်းနှင့် အသက်မွေးခဲ့သူများဖြစ်၍ ထန်းလုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများကိုသိရှိခဲ့ရခြင်းဖြစ်သည်။ အခြားကျေးရွာမှ ထန်းသမားတို့ကို မေးမြန်းခြင်း၊ ထန်းခလေ့ဆိုင်ရာစာပေများ၊ အဘိဓာန်များနှင့် တိုက်ဆိုင်စစ်ဆေးကာ သုတေသနပြုစုထားခြင်းဖြစ်သည်။

## ၂။ မြန်မာ့ထန်း

ထန်းပင်သည် မိုးရေချိန် ၂၀ လက်မနှင့် ၄၀ လက်မကြားရှိသော ပူပြင်းခြောက်သွေ့သော ရာသီဥတုကို နှစ်သက်သည်။ ထန်းပင်ကို မြန်မာနိုင်ငံအနှံ့အပြားခွဲတွေ့ရသော်လည်း အထူးသဖြင့် ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပိုမိုဖြစ်ထွန်းသည်ကို တွေ့ရသည်။

ထန်းပင်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန် (စာ–၁၆၅)နှင့် ပေါရာဏ ကထာ အဘိဓာန် (စာ–၁၄၆) တို့တွင် "အကိုင်းမထွက်သော အပင်မျိုးဝင် ပင်စည်မတ်စောက်လုံးချော၍ အဖျားတွင်သာ ယပ်ဝန်းပုံအရွက်ထွက်သော အပင်ကြီးတစ်မျိုး" ဟု ဖွင့်ဆိုထားသည်။ ထန်းပင်ကို ရုက္ခဗေဒအမည်အရ ပါလမေစီအေ (Palmaceae) (သို့မဟုတ်) ပါမီ(Palmy) ဟူသော မျိုးရင်းတွင် ပါဝင်သည်ဟု ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ (စာ–၁၃) တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ထန်းပင်ကို မွန်လူမျိုးတို့က 'တာ'ဟုခေါ်ကြသည်။ 'တာ'ဆိုသည်မှာ ပါဠိဘာသာ 'တာလ'မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ထန်းရှူးသောလကို 'တာရှူးလ(တာကူး)' ဟု ဆိုကြရာမှ 'တန်ရှူးလ' ဟူ၍ ဖြစ်လာသည်။

## ၃။ ဥပစာတင်စားခြင်း

ဘာသာစကားနယ်ပယ်တွင် များပြားလှသော လူမှုကိစ္စများ၊ လုပ်ငန်းဆောင်တာများအတွက် စကားလုံးအသစ်များ ချဲ့ထွင်သုံးစွဲပါက စကားလုံးများ ဖောင်းပွလာနိုင်သည်။ သို့ဖြစ်၍ ရှိရင်းစွဲစကားလုံးကိုပင် တင်စားသုံးစွဲလာကြသည်။ ယင်းသို့တင်စားခြင်းကိုပင် "ဥပစာစကား"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ မည်သည့်ဘာသာစကားတွင်မဆို ဥပစာတင်စားမှုသည် ဘာသာစကား၏ သုံးပုံနှစ်ပုံရှိသည်ဟု ပညာရှင်တို့ခန့်မှန်းကြသည်။ (http://en.wikipedia.org/wiki/Metonymy) ဥပစာတင်စားမှု၏သဘောနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) –

"ဥပစာတင်စားမှုဟူသည်မှာ အကြောင်းအရာဟောင်းတစ်ခုအတွက် အသုံးပြုသော စကားလုံးဟောင်းကို အကြောင်းအရာသစ်တစ်ခုအတွက် ပြောင်းရွှေ့ခေါ်ဝေါ် အသုံးပြုခြင်းပင်ဖြစ်သည်။" (ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၉၊ ၅၃။) ဟု ဖွင့်ဆိုခဲ့ပါသည်။ ထိုသို့ ဥပစာပြုရေးဖွဲ့ရာတွင် –

(၁) တူညီမှုကို အခြေပြုသောဥပစာ (metaphor)

(၂) ဆက်စပ်မှုကို အခြေပြုသောဥပစာ (metonymy)

ဟူ၍ နှစ်မျိုးတွေ့ရပါသည်။

**တူညီမှုကို အခြေပြုသော ဥပစာ**

တူညီမှုကို အခြေပြုသောဥပစာ ဟူသည်မှာ တူညီမှုကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ တူညီဥပစာ၏ သဘောနှင့်ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ)က –

"တူညီဥပစာသည် အညွှန်းခံဟောင်းအား ရည်ညွှန်းသော အညွှန်းပြုကို ထိုအညွှန်းခံနှင့်တူသော အညွှန်းခံအသစ်တစ်ခုဆီသို့ ပြောင်းရွှေ့ရည်ညွှန်းခြင်းပင်ဖြစ်သည်။ အညွှန်းခံဟောင်းနှင့် အညွှန်းခံသစ်တို့၏ တူညီမှုဆိုသည်မှာမြင်လွယ်တွေ့လွယ်သော ရုပ်ဝတ္ထုတူညီမှုထက် ဥပစာဖန်တီးသူ၏ စိတ်ကူးဂုဏ်ကို အခြေခံ၍ ဖော်ထုတ်ရရှိသော တူညီမှုကိုဆိုလိုခြင်းဖြစ်သည်။" (ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၉၊ ၅၄။) ဟု ဖွင့်ဆိုပြခဲ့ပါသည်။

တူညီသင်္ကေတများသည် တူညီသည်ဟုမထင်ရသောအရာနှစ်ခုကို တူသည်ဟုထင်မှတ်လာအောင် ဖော်ထုတ်ပြရခြင်းပင်ဖြစ်ပါသည်။

**ဆက်စပ်မှုကို အခြေပြုသော ဥပစာ**

ဆက်စပ်လျက်ရှိသော သဘောတရားတို့ကို တင်စားရေးဖွဲ့ခြင်းသည် ဆက်စပ်မှုကို အခြေပြုသော ဥပစာ၏ သဘောဖြစ်ပါသည်။ ဆက်စပ်ဥပစာ၏ သဘောနှင့်ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ)က –

"ဆက်စပ်ဥပစာမှာမူ အကြောင်းနှင့်အကျိုး၊ တည်ရာနှင့်တည်သူ၊ အစိတ်အပိုင်းနှင့် အစုအပေါင်း၊ ဂုဏ်အရည်အသွေးနှင့် ဂုဏ်တည်ရာဒြပ်ဝတ္ထု စသည်တို့ အပြန်အလှန် ဆက်စပ်မှုကို အခြေခံပါသည်။" (ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၉၊ ၅၆။) ဟု ဖွင့်ဆိုထားပါသည်။ ဆက်စပ်ဥပစာများမှာ ဆက်စပ်နေကျ အဆက်အစပ်များကို ဖော်ပြခြင်းဖြစ်သည်။

ထိုသို့ လေ့လာရာတွင် တူညီဥပစာနှင့် ရေးဖွဲ့ထားသော သင်္ကေတအဖွဲ့၊ ဆက်စပ်ဥပစာဖြင့် ရေးဖွဲ့ထားသောသင်္ကေတအဖွဲ့စသည်ဖြင့် လေ့လာဖော်ထုတ် နိုင်ပါသည်။

**၄။ ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများ**

ထန်းသမားများအတွက် ထန်းပင်သည် သူတို့၏ ကမ္ဘာဖြစ်သည်။ "ရင်းထောင်လည်းထောင်ပြောင်၊ ရင်းထောင်လည်းလှဲ မွဲ" ဟူသော ဆိုရိုးစကားနှင့်အညီ မိသားစုစားဝတ်နေရေးပြည့်စုံရန် ထန်းသမားတို့ ထန်းတက်ရမည်ဖြစ်သည်။ ထန်းစထွက်မှ သူတို့ပျော်နိုင်ကြမည်ဖြစ်သည်။ "ထန်းသမား မိုးမျှော်" ဟူသော ဥပစာစကားနှင့်အညီ ပြာသိုလသို့ရောက်လျှင် မိမိတို့ထန်းတက်ရာ ထန်းတောသို့ သွားကာ ထန်းစထွက်မထွက် ကြည့်ကြသည်။

ထန်းစထွက်လျှင် ကျီးမြီးခွ မခွ (ထန်းစကိုအုပ်ပတ်ထားသောအခွံမှအဖျားနှစ်ခု)၊ တောက်တဲ့ခေါင်း ထွက်မထွက် (ထန်းစကိုအုပ်ပတ်ထားသော အခွံအဖျားနှစ်ခုကြားမှ ထန်းစထွက်ခြင်း)ကို ကြည့်ကြသည်။

ထန်းဖိုပင်ကို တက်ရန်အတွက် ထန်းစ 'ကျီးမြီး' ထွက်စမှ 'တောက်တဲ့ခေါင်း' ထွက်သည်အထိ လုပ်ကိုင်နိုင်သည်။ ရင့်သွားသော ထန်းစများကို ညှပ်အဖြစ်တက်ကြသည်။ ထန်းစအရေအတွက်၏ ထက်ဝက်ကို ထန်းဖိုတက်၍ ကျန်တစ်ဝက်ကို ညှပ်အဖြစ်တက်ကြသည်။ ထန်းမပင်၌ 'ယောင်' တက်လိုပါက ထန်းသီးလက်တံ သီးလုံးထွက်စ သီးလုံးကွက်တို့၏ကြားတွင် ဆောက်ခေါက် (တူ)နှင့် ထုကာ

ပြင်ဆင်ရသည်။ ထုထားပြီးရင့်သွားသော ထန်းသီးခိုင်များကို ထန်းမအဖြစ်တက်နိုင်သည့် ထန်းလိုင်လိုင်ထွက်သော ကာလမဟုတ်သည့်ကြားကာလတွင် ထန်းကို အတည်အဖြစ်တက်နိုင်သည်။ အတည်သည် စီးပွားဖြစ် တက်၍မရနိုင်ပေ။

ထို့ပြင် ထန်းဖိုပြင်ရာတွင် မလိုအပ်သောထန်းလက်ထန်းစ ထန်းစစ်ဖတ်များကို ကုန်စင်အောင် ခုတ်ထစ်ပြီး လိုအပ်သလိုပြုပြင်ကာ သန့်ရှင်းအောင်ပြုလုပ်ကြသည်။ ထန်းစ၏ မျက်နှာပြင်၌ အကွက်အကွက်များ 'ငါးကြင်းကွက်' များ ပေါ်တတ်သည်အထိလှီးပေးရသည်။ ထန်းဖိုကို တပို့တွဲလတွင် ဖြိုင်ဖြိုင်တက်၍ရနိုင်ပြီဖြစ်သည်။ မိုးလေဝသအပြောင်းအလဲကြောင့် အနည်းငယ်စောခြင်း နောက်ကျခြင်းများကို ရံဖန်ရံခါကြုံရတတ်သည်။

အထက်ပါ ထန်းတက်သမားတို့၏ ထန်းလုပ်ငန်းဝင်ပုံကို လေ့လာကြည့်ပါက 'ကျီးမြီး၊ တောက်တဲ့ခေါင်း၊ ယောင်၊ ငါးကြင်းကွက်' ဆိုသည့် ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများကို တွေ့ရမည်ဖြစ်သည်။

## 'ကျီးမြီး'

ထန်းပင်ပေါက်စတွင် ထန်းရွက်နှစ်ခွထွက်ပုံနှင့် ထန်းဖိုထန်းစထွက်စတွင် ထန်းဖုံး ဆံအဖျားနှစ်ခွထွက်သည်ကို ရည်ရွယ်သည်။ ထန်းပင်စိုက်ရာတွင် ထန်းသီးမှည့်ကိုခွဲစိတ်ကာ နေလှန်းရသည်။ ထို့နောက် ထန်းဖိုပင်ပေါက်ရန်အတွက် ထန်းဆံကိုမှောက်စိုက်ရသည်။ ထန်းသီးဆံကို ပက်လက်စိုက်လျှင် ထန်းမပင်ဖြစ်သည်ဟု ယူဆကာစိုက်ကြသည်။ ထိုသို့ စိုက်ပျိုးပြီး တစ်နှစ်ခန့်ကြာမှ ထန်းပင်ပေါက်လေ့ရှိသည်။ အချို့ဆိုလျှင် နှစ်နှစ်သုံးနှစ်လောက်မှ အပင်ပေါက်တတ်သည်။ ထိုအပင်ပေါက်လေးများသည် အပင်ပေါက်စတွင် ထန်းရွက်နှစ်ရွက်ထွက်လာရာ ကျီးမြီးနှင့်တူသည်။ ဤအရွယ်ကို ကျီးမြီးထွက် ဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။

ထို့ပြင် ထန်းဖိုထန်းစသည် ထန်းပြင်ရန်အတွက် အချိန်အခါကျချိန်တွင် ထန်းနို့စသည် ထန်းစပတ်ခွံအတွင်းမှမထွက်မီ ပတ်ခွံအမြီးနှစ်စ ကျီးမြီးနှင့်တူသည်။ ဤသည်တို့ကို စွဲ၍ 'ကျီးမြီးထွက်' သည်ဟု တင်စားသုံးစွဲကြသည်။

## 'တောက်တဲ့ခေါင်း'

ထန်းဖိုပင်မှ ထန်းဖိုပြင်ရန် ထန်းစခေါင်း ထွက်ပြူလာသည်ကို ရည်ရွယ်သည်။ ထန်းဖိုပင်ကို တက်ရာတွင် ထန်းဖို(ထန်းစန)နှင့် ညှပ်(ထန်းစများရင့်၍ လက်တံလက်ချောင်းများကို ညှပ်နှင့်ညှပ်ကာ ထန်းစချောင်းများကို လိုအပ်သလောက် ထန်းဖူးနီးနှင့် တုပ်နှောင်စည်းရသောထန်း)ဟူ၍ နှစ်မျိုးရှိရာ ထန်းဖို(ထန်းစန) ရာသီချိန်တွင် ထန်းပင်၌ထန်းစများထွက်လာပေရာ ထန်းပြင်ရမည့်ထန်းစသည် ကြီးရင့်လာသည်နှင့်အမျှ ထန်းဖုံးဆံကြားမှ ထန်းစခေါင်းပြူထွက်လာသည်။ ဤသို့ ထန်းစခေါင်း ပြူထွက်လာသည်မှာ တောက်တဲ့ခေါင်းနှင့် အလားတူသည်ကို စွဲ၍ တင်စားသုံးစွဲကြသည်။

## 'ယောင်'

ထန်းမပင်၌ ထန်းသီးနုချိန်တွင် ထန်းသီးခိုင်၌ ထန်းသီးကလေးများသည် ယောင်(သျှောင်)ထုံးနှင့် တူသည်ကိုရည်ရွယ်သည်။ ထန်းမထန်းတက်ရာတွင် ထန်းသီးနုချိန် ထန်းတက်ရသော ယောင်(သျှောင်)နှင့် ထန်းသီးရင့်ချိန်တက်ရသော (ထန်းမ) ဟူ၍ နှစ်မျိုးရှိသည်။ ယောင်ထန်းတက်ရန်အတွက် ထန်းသီးခိုင်၌ ထန်းသီး သီးလုံးသီးခွက်ပေါ်ချိန်၌ပင် ထိုသီးလုံးကြားကို ဆောက်ခေါက်(တူ)နှင့် သင့်တင့်မျှတစွာထု၍ ထန်းစပျော့လာစေရန် ပြုရသည်။ ထန်းထုပြီး သုံးလေးရက်အကြာတွင် တစ်ဖန်ထန်းခိုင်ကို ဆောက်ခေါက်နှင့် ထု၍သော်လည်းကောင်း ထန်းခိုင်ညှာကို လှုပ်၍သော်လည်း ကောင်းပြုရသည်။ ထို့နောက် ရာသီဥတုကိုကြည့်ကာ ယောင်ထန်းကိုဖြတ်(စတင်လှီး)သည်။ ထိုသို့

ထန်းဖြတ်ချိန်တွင် ထန်းသီးလေးများသည် ယောင်ထုံး(သျှောင်ထုံး)နှင့် တူသည်ကိုစွဲ၍ တင်စားသုံးစွဲကြသည်။

**'ငါးကြင်းကွက်ထ'**

ထန်းစ၏မျက်နှာပြင်၌ အကွက်အကွက်များ ပေါ်တတ်သည်ကိုရည်ရွယ်သည်။ ရာသီမပိုင် ထန်းမကိုင်နှင့် ဟူသောစကားနှင့်အညီ ထန်းသမားတို့သည် ရာသီဥတုကိုနားလည်ရသည်။ လေ၊ မိုးကျချိန်တွင် ထန်းသမားသည် ရာသီဥတုကိုကြည့်၍ ထန်းလှီးရသည်။ ရာသီဥတုဖောက်ပြန်ချိန်တွင် ဓားကို လိုအပ်သည်ထက် နည်းလှီးလျှင်သော်လည်းကောင်း လိုအပ်သည်ထက် ဓားကိုပိုများလျှင်သော်လည်းကောင်း ထန်းစ၏ မျက်နှာတွင် အကွက်အကွက်ဖြစ်သည်မှာ ငါးကြင်းငါး၏ ကိုယ်ခန္ဓာမှ အကွက်အပြောက်များနှင့်တူသောကြောင့် တင်စားသုံးစွဲခြင်းဖြစ်သည်။ (အချို့က ထန်းဖိုညှပ်စရင့်သောအခါ ထန်းစ၏အသွင်ကိုလည်း သုံးလေ့ရှိသည်)

**ထန်းလျက်ချက် လုပ်ငန်းဆိုင်ရာ ဥပစာများ**

ထန်းသမားတို့ ထန်းလုပ်ငန်း စတင်ဝင်ရောက်ကြမည်ဆိုလျှင် ထန်းလုပ်ငန်း အသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်း ပြင်ဆင်ကြသည်။

ထန်းသမားတို့သည့် ထန်းလျက်ချက်သောအခါ ပဲဆီ သို့မဟုတ် နှမ်းဆီ တို့ကို အသုံးပြုရသည်။ ထန်းလျက် ဗီးကွက်မျက်လုံးပေါက်သည့်အခါ ထန်းလျက်ရေစမ်းတွေ့ရန်အတွက် ဆီကိုအသုံးပြုရသည်။ ထိုနေရာတွင် 'ဗီးကွက်မျက်လုံးပေါက်' ဟူသော အသုံးသည်လည်း တင်စားမှုပြုထားသော ဥပစာစကားပင်ဖြစ်သည်။ ထို့ကြောင့် 'ယောင်ခြစ်နှင့် ဗီးကွက်မျက်လုံးပေါက်' တို့သည် ထန်းလျက်ချက်သည့် လုပ်ငန်းဆိုင်ရာ ဥပစာအသုံးများဖြစ်သည်။

**'ညောင်စေးကျ'**

အလွန်စေးကပ်သည်ကို ရည်ရွယ်သည်။ ညောင်ပင်မှထွက်သော ညောင်စေးသည် အလွန်စေးကပ်၍ ငှက်ခါးထောင်ဖမ်းရာ၌ အသုံးပြုနိုင်သည်။ ရာသီဥတုဖောက်ပြန်သောအခါတွင် ထန်းရည်သည် ချဉ်လေ့ရှိသည်။ ထိုသို့ထန်းရည်ချဉ်လျှင် ထန်းလျက်မကောင်း ထန်းလျက်ပျက်တတ်သည်။ ထန်းလျက်ပျက်သည့်အခါ ထန်းလျက်အသားများ လုံး၍မရတော့သဖြင့် မြူအိုးထဲ၌ ထည့်ထားရသည်။ ဤသို့ ပျက်သောထန်းလျက်သည် ခွာ၍မရအောင် စေးကပ်နေတတ်သည်ကို 'ညောင်စေးကျ' သည်ဟု တင်စားသုံးသည်။ (အချို့က နမြော တွန့်တိုသူ ကပ်စေးနဲသူကို ညောင်းစေးဟုလည်းသုံးသည်။)

**'ကြွက်မြီးတန်း'**

ထန်းလျက်ကြိုချက်ရာတွင် ထန်းလျက်သကာရည်သည် ယောက်မမှ အဆက်မပြတ်ဘဲ စီးကျသည်ကို ရည်ရွယ်သည်။ ထန်းလျက်ဒယ်အိုးကို မီးဖိုပေါ်မှအောက်သို့ချ၍ ရ မရ၊ ထန်းလျက် ဖြစ်မဖြစ်ကို ရေထဲသို့ထန်းလျက်ရည်ထည့်၍ စမ်းရသည်။ ရေထဲထည့်၍ စမ်းကြည့်သည့်အခါ ထန်းလျက်သားကမာလျှင် ရေရင့်သည်ဟုခေါ်သည်။ ရာသီဥတုမကောင်းလျှင် ရေရင့်ရင့်ချရသည်။ ရာသီဥတုကောင်းလျှင်သော်လည်းကောင်း၊ ချွတ်ဆေးခပ်ထားသော ထန်းလျက်အဖြူလုပ်ရာ၌သော်လည်းကောင်း ရေနုနုနှင့်ချရသည်။ ထိုသို့ ရေစမ်းရာ၌ ထန်းလျက်ရည်သည် အဆက်မပြတ်သည်ကိုစွဲ၍ တင်စားသုံးစွဲကြသည်။

(အချို့က ထန်းစမှထန်းရည်များအဆက်မပြတ် ယိုစီးကျသည်ကိုလည်း ကြွက်မြီးတန်းဟု သုံးသည်။)

**'ဗီးကွက်မျက်လုံးပေါက်'**

ဆီခပ်ချိန်နောက်ပိုင်း ထန်းလျက်အိုးဆူပွက်ပုံကို ရည်ရွယ်သည်။ ထန်းလျက်အလို့ငှာ ကျိုချက်သည့်အခါ တင်းလဲရည်အဆင့်သို့ရောက်လာချိန်တွင် ထန်းလျက်ပွက်သည်မှာ အစောပိုင်းဆူပွက်ပုံနှင့်

မတူတော့ပေ။ ထိုသို့ တဖွပ်ဖွပ်ဆူပွက်ပြီးချိန်တွင် ဆီခပ်ရသည်။ ထိုအချိန် ဆူပွက်ပုံသည် ဇီးကွက်မျက်လုံးလေးများကဲ့သို့ ပေါ်ထွက်လာသည်။ ဤသည်ကိုစွဲ၍ ဇီးကွက်မျက်လုံးပေါက်ဟု တင်စားသုံးစွဲကြခြင်းဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မြန်မာ့ထန်းတက်လုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ ဥပစာစကားများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် ထန်းလုပ်ငန်းစတင်ဝင်ရောက်ပုံနှင့် အသုံးအဆောင်ပစ္စည်းများကို တင်ပြရာတွင် ထန်းသမားတို့ ထန်းလရာသီကို မျှော်လင့်ကြပုံ၊ ထန်းထွက်မထွက် လိုက်လံကြည့်ရှုကြပုံ၊ ထန်းစထွက်သည်နှင့် အသုံးအဆောင်ပစ္စည်းများ စုဆောင်းပြင်ဆင်ကြပုံနှင့် အသုံးအဆောင်ပစ္စည်းများဆိုင်ရာ ဥပစာအသုံးများကို တင်ပြခဲ့ပါသည်။

ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများအဖြစ် 'ကျိုးမြီး၊ တောက်တဲ့ခေါင်း၊ ယောင်၊ ငါးကြင်းကွက်' ဆိုသည့် ဥပစာစကားအသုံးများကို တွေ့ရသည်။ ထို့အတူ ထန်းလျက်ချက်လုပ်ငန်းဆိုင်ရာ ဥပစာစကားများအဖြစ်လည်း 'ညောင်စေးကျ၊ ကြွက်မြီးတန်း၊ ဇီးကွက်မျက်လုံးပေါက်' စသည်ဖြင့် တင်စားသုံးစွဲကြကြောင်း ကို တွေ့ရသည်။

ထိုသို့ တင်စားထားသော ဥပစာစကားများကို ပြန်လည်သုံးသပ်ကြည့်ပါက တူညီမှုကို အခြေပြု၍ တင်စားကြများသော စကားလုံးများကို များစွာတွေ့ရပါသည်။ လူသားတို့သည် နေ့စဉ်အသစ်အသစ် တိုးတက်ဖြစ်ထွန်းလျက်ရှိသော လုပ်ငန်းဆောင်တာများ အတွက်သော်လည်းကောင်း၊ မိရိုးဖလာလုပ်ငန်းဆောင်တာ အတွက်သော်လည်းကောင်း ဝေါဟာရအသစ်ဖန်တီးရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့် ရှိရင်းစွဲဝေါဟာရများကိုပင် ဥပစာစကားအဖြစ် တင်စားသုံးစွဲကြရာမှ တူညီမှုကို အခြေပြုသော ဥပစာစကားများ ထွက်ပေါ်လာရသည်ဟု ကောက်ချက်ချပါသည်။ သို့သော်လည်း ထန်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများတွင် တူညီမှုကို အခြေပြုသော ဥပစာများသာမက ဆက်စပ်မှုကို အခြေပြုသော ဥပစာစကားများစွာရှိနေပါသေးသည်။ ဤသုတေသနစာတမ်းတွင် စာတမ်း တစ်စောင်၏ အင်္ဂါရပ်နှင့်အညီသာ လေ့လာခဲ့သောကြောင့် ပြီးပြည့်စုံသော စာတမ်းတစ်စောင်မဟုတ်သေးပါ။ ဆက်လက်လေ့လာ ဖော်ထုတ်ရန်များစွာ ကျန်ရှိနေပါသေးသည်။

## နိဂုံး

ထန်းလုပ်ငန်းသည် ရှေးမြန်မာကြီးများ လက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်မှ ယနေ့အထိ တွင်ကျယ်စွာလုပ်ကိုင်နေသော မြန်မာမှုလုပ်ငန်းဆောင်တာတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာမှုနှင့် မြန်မာစာပေအတွက်ရှေးရှုကာ ဤစာတမ်းကို ရေးသားပြုစုထားခြင်းဖြစ်သည်။ စာတမ်းတွင် မြန်မာ့ထန်းတက်လုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ ဥပစာစကားများကို လက်လှမ်းမီသမျှ တင်ပြထားခြင်းဖြစ်ရာ မြန်မာမှုအထွေထွေနှင့် မြန်မာ့ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများကို လေ့လာသူတို့အတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ

ကာတွန်းကြည်ဝင်း။ (၂၀၁၃)။ ဒီဇင်ဘာ၊ မြန်မာ့မြေမှ မြန်မာ့ထန်း။ ပထမအကြိမ်၊ ကျော်လှ ပုံနှိပ်တိုက်၊ ရန်ကုန်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၉)။ သင်္ကေတဗေဒနိဒါန်း၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင့်ဆွေ၊ **ဦး**။ (၁၉၇၇)။ ဩဂုတ်လ။ ပေါရာဏကထာ အဘိဓာန်။ တတိယအကြိမ်၊ ဆန်းညွန့်ဦး ပုံနှိပ်တိုက်၊ ရန်ကုန်။

နွေးထွေး၊ (ပုသိမ်ကြီး)။ (၂၀၁၈)။ ဘဝထိုထို ထန်းရိပ်ညို၊ ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

မဟာဇေယသင်္ခယာဘွဲ့ခံ လေှသင်းအတွင်းဝန်။ (၁၉၆၃)။ ဇူလိုင်လ၊ ဝေါဟာရလီ နတ္ထဒီပနီ။ ဒုတိယအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။

မောင်လင်းသူ (ညောင်ဦး)။ (၁၉၈၉)။ ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ။ ပထမ အကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

မြတ်ကျော်၊ ဦး။ (၂၀၀၆)။ မြန်မာပေါရာဏ မိတ်လင်စုံ အဘိဓာန်။ ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ မတ်လ။ မြန်မာအဘိဓာန်၊ တတိယအကြိမ်၊ နေပြည်တော် ညွှန်ကြားရေးမှူးချုပ်။

**အင်္ဂလိပ်ဘာသာ**

http://en.wikipedia.org/wiki/Metonymy